ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ချောင်းဆုံမြို့

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project

# (NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)


တကူပတီကျေးရွာအုပ်စု၊ တော်ပေါင်းကျေးရွာ

2015 – 2016 ဘဏ္ဍာရေးနှစ်


# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | မြို့နယ်အခြေပြမြေပုံ | ၃ |
| ၂။ | ကျေးရွာအခြေပြမြေပုံ | ၄ |
| ၃။ | ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း | ၄ |
| ၄။ | ကျေးရွာအခြေခံအချက်အလက်များ | ၅ |
| ၅။ | လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား | ၆ |
| ၆။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ | ၈ |
| ၇။ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ | ၁၉ |
| ၈။ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | ၂၁ |
| ၉။ | ကျေးရွာအချက်အလက် (ပုံစံ-၁) | ၂၂ |
| ၁၀။ | စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂) | ၂၄ |
| ၁၁။ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) | ၂၅ |
| ၁၂။ | ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄) | ၂၆ |
| ၁၃။ | အစည်းအဝေးတက်ရောက်သူများစာရင်း (ပုံစံ-၁၂) | ၂၇ |
| ၁၄။ | အစည်းအဝေးမှတ်တမ်းများ | ၃၀ |
| ၁၅။ | ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | ၃၁ |
| ၁၆။ | ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP) | ၃၂ |

## ၁။ ချောင်းဆုံမြို့နယ်ပြမြေပုံ




## ၂။ တော်ပေါင်းကျေးရွာတည်နေရာပြမြေပုံ



၃။ တကူပတီကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် |
|---|---|
| တကူပတီကျေးရွာအုပ်စု | တကူပတီကျေးရွာ |
| | တော်ပေါင်းကျေးရွာ |

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

ကျေးရွာအမည် - တော်ပေါင်းကျေးရွာ

ကျေးရွာအုပ်စုအမည် - တကူပတီကျေးရွာအုပ်စု

လူဦးရေ - ကျား-၁၀၈၊ မ- ၉၅ ၊ စုစုပေါင်း - ၂၀၃ ဦး

အိမ်ထောင်စု - ၃၆ စု

တိုင်းရင်းသားလူမျိုးစု - ကရင်(၂၄)စု ၊ဗမာ (၁၂)စု

လူမျိုးစုရော - မရှိ

ပညာရေးအဆောက်အဦး - မရှိ

ကျန်းမာရေးအဆောက်အဦး - မရှိ

ဘာသာရေးအဆောက်အဦး - မရှိ

လူမှုရေးအဆောက်အဦး - မရှိ

ကျေးရွာ၏ထူးခြားသည့် ဝိသေသ- မရှိ

ကျေးရွာထွက်ကုန်များ - ဆန်/စပါး၊


## ၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၁ | ကျေးရွာလူမှုရေးပြ သယံဇာတပြမြေပုံ၊ (Social Map, Resources Map) | 26.2.2016 | ကျေးရွာလူထု | 15 | 17 | 32 | - ကျေးရွာ၏အဓိကသွင်ပြင်လက္ခဏာများကိုဆွေးနွေးခြင်း၊ ကျေးရွာအတွင်းတည်ရှိနေသည့် အရင်းအမြစ်များ၊ အခြေခံအဆောက်ဦးများနှင့် ဝန်ဆောင်မှုများကိုဆွေးနွေးခြင်း<br>- ၄င်းအခြေခံအဆောက်အဦးများ၏အခြေအနေများကို ဆွေးနွေး ခြင်း၊ (ရပ်ရွာဖွံ့ဖြိုးရေးအတွက် ပြုပြင်ရန်နှင့် အသစ်ဆောက်လုပ်ရန်လိုအပ်ချက်များကို ဆွေးနွေးခြင်း) |
| ၂ | လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း။ (Wealth Ranking) | 26.2.2016 | ကျေးရွာလူထု | 24 | 22 | 46 | - ကျေးရွာအတွင်းနေထိုင်သူ အိမ်ထောင်စု/ အုပ်စုများ၏ ဝင်ငွေ များ၊ ဥစ္စာခနေ ကြွယ်ဝမှုများ၊ ပိုင် ဆိုင်မှုများနှင့် အခြေအနေများ ကို ဆွေးနွေးသုံးသပ်ခြင်း။<br>- ကျေးရွာလူထုများ၏ အသက်မွေးဝမ်းကြောင်းမှုလုပ်ငန်းအခြေ အနေ၊ ဖွံ့ဖြိုးတိုးတက်ရေး အတွက်ကြုံတွေ့နေရသည့် အားနည်းချက်များ၊ အဟန့်အတားများကို ရှာဖွေဖော်ထုတ် ခြင်း။<br>- အိမ်ထောင်စုများ/အုပ်စုများ၏ စီးပွားရေး၊ လူမှုရေးအခြေအနေများကိုလေ့လာဖော်ထုတ်ခြင်း။ |
| ၃ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar) | 26.2.2016 | ကျေးရွာလူထု | 25 | 21 | 46 | - ကျေးရွာအတွင်းနေထိုင်သူများ တစ်နှစ်ပတ်လုံးအတိုင်းအတာ အတွင်း ရာသီအလိုက် လုပ်ငန်း ဆောင်တာများ၊ အသက်မွေး ဝမ်းကြောင်းမှု အပြောင်းအလဲ များကိုဆွေးနွေးခြင်း။<br>- အစာရေစာရရှိနိုင်မှု၊ ကျန်းမာရေးပြဿနာများ၊ အိမ်ထောင်စုများအတွင်း တစ်နှစ်ပတ်လုံး အတိုင်းအတာဖြင့် ကြုံတွေ့နေ ရသည့် မတူညီသည့် အခက်အ ခဲများကို ဆွေးနွေးခြင်း။<br>- အချိန်အပိုင်းခြားအလိုက် အခက်အခဲနှင့် အခွင့်အလမ်းများကိုဆွေးနွေးခြင်း။ |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၄ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | 27.2.2016 | ကျေးရွာလူထု | 12 | 12 | 24 | - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ စီမံကိန်းများကို လုပ်ဆောင်နေသည့် ရွာအတွင်း ရွာပြင်ပရှိအဖွဲ့အစည်းများကို သိရှိနားလည်စေရန်နှင့် ၎င်းအဖွဲ့အစည်းများ၏အားဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ချိတ်ဆက်လုပ်ဆောင်နိုင်စေရန်ဆွေးနွေး ခြင်း။ |
| ၅ | ပင့်ကူအိမ်သုံးသပ်ခြင်း (Spider Web) | 27.2.2016 | အမျိုးသား/ အမျိုးသမီး အုပ်စု | 22 | 22 | 44 | - ကျေးရွာအတွင်းရှိ အမျိုးသမီး၊ အမျိုးသားများ၏ အခန်းကဏ္ဍကိုသိရှိနိုင်ရန်နှင့် ၎င်းတို့ကိုယ်တိုင်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ရာတွင်ကြုံတွေ့နေသည့် အားနည်းချက်များ၊ ဆိုးကျိုးများကိုသိရှိနားလည်စေရန်။ |
| ၆ | ပြဿနာသစ်ပင် (Problem Tree) | 27.2.2016 | အမျိုးသား/ အမျိုးသမီး အုပ်စု | 22 | 23 | 45 | - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများလုပ်ဆောင်ရာတွင် ကြုံတွေ့နေရသည့် လိုအပ်ချက် များ၊ အခက်အခဲများ၊ ပြဿနာ များအား အကြောင်း၊ အကျိုး ဆက်စပ်ဖြစ်တည်နေသည့် သဘောသဘာဝအား ပြဿနာ သစ်ပင်နည်းလမ်းအား အသုံးပြု၍ဆွေးနွေးခြင်း။ |
| ၇ | ကျေးရွာ၏ (၅) နှစ်စာဦးစားပေးအစီအစဉ်ပြ ဇယား (Metric Ranking) | 27.2.2016 | ကျေးရွာလူထု | 21 | 31 | 52 | - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် လက်ရှိကြုံတွေ့နေရ သည့်အခက်အခဲ၊ ပြဿနာများ မှ နောင်လာမည့် (၅) နှစ်အ တွင်းမိမိတို့ကျေးရွာများတွင် ဖွံ့ဖြိုးလာမည့်အသီးအပွင့်များ ကို မိမိတို့ကိုယ်တိုင် သိမြင်လာ စေရန်နှင့် ကြိုတင်အစီအစဉ်ချ ရေးဆွဲ၍ ဦးစားပေး အစီအစဉ် အလိုက်လုပ်ဆောင်နိုင်ရန် (အနာဂတ်ရူပါရုံ) ဆွေးနွေးခြင်း။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### ၆.၁ အရင်းအမြစ်ပြမြေပုံ



**တော်ပေါင်း ကျေးရွာ၏ လူမှုရေးနှင့်အရင်းမြစ်ပြမြေပုံ**

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ တကူပတီကျေးရွာအုပ်စု၊ တော်ပေါင်းကျေးရွာတွင်အိမ်ထောင်စု (၃၆) ရှိပြီးလူဦးရေစုစုပေါင်း (၂၀၃) ဦးနေထိုင်ကြပါသည်။ ကရင်လူမျိုးအများဆုံးနေထိုင်ပြီး ဗမာလူမျိုးအနည်းအငယ်နေထိုင်ကြသည်။ အိမ်ထောင်စု (၃၆) စုရှိသည့်အနက်အမျိုးသား ဦးဆောင်သောအိမ်ထောင်စုမှာ (၃၀) ခန့်ရှိပြီး အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုမှာ (၆) စုခန့်ရှိကြောင်း တွေ့ရသည်။အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာလယ်ယာလုပ်ငန်းဖြစ်သည်။


တော်ပေါင်းကျေးရွာသည် ချောင်းဆုံမြို့နယ်၏ အနောက်တောင်ဘက်တွင်ရှိပြီး အိမ်ခြေများ ပြန့်ကျဲနေကာ လူမှုရေး၊ ဘာသာရေး၊ ပညာရေးအဆောက်အဦးများ လုံးဝမရှိသော လယ်ကွင်းရွာငယ်လေးတစ်ရွာဖြစ်သည်။ စနစ်တကျသတ်မှတ်ဖောက်လုပ်ထားသော လမ်းများမရှိဘဲ လှည်းလမ်းနှင့် လယ်ကန်သင်းရိုးလမ်းများကိုသာ ရွာလမ်းအဖြစ်အသုံးပြု သွားလာနေကြသည်။ ထို့ကြောင့် မိုးရာသီတွင် ရေကြီးရေမြှုပ်ခြင်းများ၊ ဗွက်ထူခြင်း၊ နွေရာသီတွင် ဖုန်ထူခြင်း ဖုန်ထခြင်းစသော အခက်အခဲများဖြစ်ပေါ်သည်။ ကျေးရွာတွင်စာသင်ကျောင်းမရှိခြင်းကြောင့် ရွာတွင်းရှိကျောင်းသားကျောင်းသူများသည် တော်ပေါင်းရွာအနီးရှိ ထန်းပင်းကုန်းရွာ မူလတန်းကျောင်းသို့ခြေကျင်ဖြင့် လယ်ကန်သင်းရိုးကာဖြတ်ကာသွားရောက်ပညာသင်ကြားကြသည်။

တော်ပေါင်းကျေးရွာတွင် ကျန်းမာရေးအဆောက်အဦးနှင့်ကျန်းမာရေးဝန်ထမ်းမရှိသောကြောင့် ကျန်းမာရေးကိစ္စများအတွက် ရွာမှ (၃) မိုင်ကျော်ခန့်ဝေးသော ကျေးရွာများသို့သွားကြရသည့်အတွက် အချိန်မှီကုသရန်အတွက် နောင့်နေးကြန့်ကြာခြင်းနှင့် ကုန်ကျစရိတ်များခြင်းများ ကြုံတွေ့နေရသည်။ကျေးရွာတွင် လျှပ်စစ်မီးမရှိသဖြင့် ညရေးညတာသွားလာရာတွင် အခက်အခဲများကြုံတွေ့ကြရသည်။ ကျေးရွာတွင် ရေအရင်းအမြစ်ရှားပါးသောကြောင့် နွေရာသီတွင် သောက်သုံးရေရှားပါးခြင်း ပြဿနာကို နှစ်စဉ်ကြုံတွေ့ခံစားနေရသည်။

ကျေးရွာတွင် အလုပ်အကိုင်ရှားပါးသောကြောင့် ကျေးရွာရှိ လူငယ်များသည် (မလေး၊ထိုင်း) စသောနိုင်ငံခြားတိုင်းပြည်များတွင်သွားရောက်အလုပ်လုပ်ကိုင်ကြသည်။လယ်ခြံမရှိသောသူများသည် ကျဘမ်းလုပ်ကိုင်စားသောက်ခြင်းနှင့် နိုင်ငံခြားတွင် သွားရောက်လုပ်ကိုင်ကြသော မိသာစုဝင်များမှ ပို့လာသောငွေကြေးဖြစ် ရပ်တည်နေထိုင်ကြသည်။

ဤကဲ့သို့လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံဆွဲခြင်း အားဖြင့် ရွာလူထုအနေဖြင့် မိမိကျေးရွာအကြောင်းပိုမိုသိရှိလာခြင်း၊ ရွာအတွင်းရှိ လိုအပ်ချက်များကို သိရှိလာခြင်း၊ ကျေးရွာအတွင်းရှိ အခြေခံအဆောက်အဦးများ၏ ပြုပြင်တိုးချဲ့ရမည့် အခြေအနေနှင့် အရင်းအမြစ်များအား သိရှိလာကြပါသည်။

## ၆.၂ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအတွက်အဖွဲ့အစည်းအချင်းချင်းချိတ်ဆက်မှုပြဗန်ကားချပ်




**ကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံသုံးသပ်ချက်**

စက်ဝိုင်းထဲတွင်ရှိသောအဖွဲ့အစည်းများသည် ကျေးရွာအတွင်းတွင်ရှိသော အဖွဲ့အစည်းများ ဖြစ်ပြီးစက်ဝိုင်းအတိုင်းအတာပေါ်မူတည်ပြီး ကျေးရွာအပေါ်တွင် အရေးကြီးသော သက်ရောက်မှုရှိသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့သည် တော်ပေါင်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ဆောင်နေသော အရေးကြီးဆုံးနှင့်ဩဇာအာဏာ လွှမ်းမိုးမှုအရှိဆုံးဖြစ်သည်။ ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့သည် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများနှင့်လည်းကောင်း၊ ကျေးရွာပြင်ပရှိဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့်လည်းကောင်း ချိတ်ဆက်ကာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ဆောင်ပေးသည်။

ကျေးရွာပြင်ပ အသေးစားချေးငွေအဖွဲ့ဖြစ်သော hana (ဟာနာ) အဖွဲ့၊ သမဝါယမ ချေးငွေအဖွဲ့၊ **ပဆင** အဖွဲ့ စသောအဖွဲ့များရှိသည်။ ကျေးလက်ဦးစီးဌာနမှ ကျေးရွာအတွက် ရေကန်

တည်ဆောက်ပေးပြီး၊ **ပဆင** ရံပုံငွေမှလည်း ဆိုလာမီး အနည်းငယ်ပံ့ပိုးပေးထားသည်။ တော်ပေါင်းကျေးရွာသည် မြို့နယ်ရှိ ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် လည်းကောင်း အခြားအဖွဲ့အစည်းများနှင့် လည်းကောင်းချိတ်ဆက်မှု အားနည်းနေသည်ကို တွေ့ရှိရသည်။

## ၆.၃ ဓနအင်အားအဆင့်သတ်မှတ်ခြင်း



ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း

တော်ပေါင်းကျေးရွာ 21.2.2016.

| အမျိုးအစား | စံသတ်မှတ်ချက်များ | အိမ်ထောင်စု |
|---|---|---|
| က | လယ် ၁၀ ဧကအထက်၊ သစ်အိမ် (သွပ်မိုး)၊ နွား ၂ ကောင်။ | ၅ |
| ခ | လယ် ၅-၁၀ ဧက၊ ဝါးတဲ၊ နွား ၂ ကောင်။ | ၅ |
| ဂ | လယ် ၅ ဧကအောက်၊ ဝါးတဲ၊ နွား ၂ ကောင်။ | ၆ |
| ဃ | လယ်မဲ့၊ ဝါးတဲ။ | ၂၀ |

**တော်ပေါင်း ကျေးရွာ၏ ဓနအင်အားအဆင့်သတ်မှတ်ခြင်းသုံးသပ်ချက်**

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ တကူပတီကျေးရွာအုပ်စု၊ တော်ပေါင်းကျေးရွာတွင် အိမ်ထောင်စု (၃၆) စုရှိသည်။ အဓိကအသက်မွေးဝမ်းကျောင်း လုပ်ငန်းမှာလယ်ယာလုပ်ငန်း ဖြစ်သည်။ ကိုယ်ပိုင်လယ်မြေမရှိသူ များသည်ကျဘမ်းလုပ်ကိုင်ကြသည်။

ကျေးရွာတွင်အိမ်ထောင်စု (၃၆) စုရှိသည့်အနက် အိမ်ထောင်စု (၅) စုသည် လယ် (၁၀) ဧကအထက်၊ သစ်အိမ် (သွပ်မိုး)၊ နွား (၂) ကောင် စသည်တို့ကို ပိုင်ဆိုင်ပြီး ဓနအင်အား အဆင့်သတ်မှတ်ချက် (A) အဆင့်တွင်ရှိသည့် ချမ်းသာသူများဖြစ်ကြသည်။


လယ် (၅-၁၀) ဧက၊ ဝါးအိမ်၊ နွား (၂) ကောင် စသည်တို့ကိုပိုင်ဆိုင်ပြီး ဓနအင်အားအဆင့်သတ်မှတ်ချက် (B) တွင်ရှိသော အိမ်ထောင်စု (၅) စုရှိသည်။

လယ် (၅) ဧက အောက် ၊ ဝါးတဲအိမ်၊ နွား (၂) ကောင် စသည်တို့ကိုပိုင်ဆိုင်ပြီး ဓနအင်အား အဆင့် (C) တွင်ရှိသော အိမ်ထောင်စု (၆) စု ရှိသည်။

ဓနအင်အား အဆင့်သတ်မှတ်ချက် (D) အဆင့်တွင်ရှိသောအိမ်ထောင်စု (၂၀) စု ရှိပြီး အိမ်ပိုင်မရှိမြေငှားနေရသူ၊ ကျဘမ်းလုပ်ကိုင်စားသောက်ကြသည့် အလွန်နွမ်းပါးသော အိမ်ထောင်စုများဖြစ်သည်။ ထိုအိမ်ထောင်စုများ၏ တစ်နေ့လုပ်အားခမှာ ပျမ်းမျှအားဖြင့် (၃၀၀၀) ကျပ်သာ ရရှိပါသည်။

ကျေးရွာတွင် မပြေလည်သော အိမ်ထောင်စုများနေခြင်းမှာ အလုပ်အကိုင်ရှားပါးခြင်း၊ စိုက်ပျိုးရေးတွင်နည်းပညာအားနည်းခြင်း၊ ပိုင်ဆိုင်မှုများမရှိခြင်း၊ ပညာရေးနိမ့်ကျခြင်း၊ နည်းပညာမတတ်ပဲ တဖက်နိုင်ငံတွင်အခြေခံလုပ်သားအဖြစ် သွားရောက်၍ အလုပ်လုပ်ကိုင်ရခြင်း လူငယ်များမှ ဗဟုသုတရှာမှီးရန် အခွင့်အလမ်းများမရှိခြင်း၊ လုပ်ငန်းသစ်များအား လုပ်ကိုင်ရန်အတွက် ပံ့ပိုးမှုအားနည်းခြင်း၊ အရင်းအမြစ်များမရှိခြင်းစသည့်အကြောင်းအရင်းများကြောင့်ဆင်းရဲမှု သံသရာပိုရှည်စေသည်။

## ၆.၄ ပင့်ကူအိမ်သုံးသပ်ခြင်း



လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်မှုအစီရင်ခံစာ
(တကူပတီကျေးရွာအုပ်စု၊ တော်ပေါင်းကျေးရွာ)

**တော်ပေါင်း ကျေးရွာ၏ ပင့်ကူအိမ်သုံးသပ်ခြင်း**

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ တကူပတီကျေးရွာအုပ်စု၊တော်ပေါင်းကျေးရွာ၏ အမျိုးသား၊ အမျိုးသမီးများ၏ ပင့်ကူအိမ်သုံးသပ်ချက်ကို အကြောင်းအရာ (၈) ခု၊ အဆင့် (၁၀) အဆင့်ဖြင့် အကဲဖြတ် ဆန်းစစ်ခဲ့ပါသည်။

ပင့်ကူအိမ်သုံးသပ်ချက်ကို အမျိုးသားအုပ်စု၊ အမျိုးသမီးအုပ်စုအနေဖြင့် သီးသန့်ခွဲခြားစဉ်းစားစေပြီး နှစ်ခုလုံးအားပြန်လည်ပေါင်းစပ်ကာ အမျိုးသား/သမီးများအား ပြန်လည်ရှင်းပြပေးခဲ့ပါသည်။ ၎င်းကဲ့သို့ စဉ်းစားချက်များအရ

**၁။ အိမ်မှုကိစ္စ**

အိမ်မှုကိစ္စတွင် အမျိုးသမီးများသည် အမျိုသားများထက် ပိုပြီးလုပ်ကိုင်ကြရသည်။ အဆင့်သတ်မှတ်ချက် တွင်အမျိုးသမီးများသည် အဆင့် (၁၀)တွင်ရောက်ရှိပြီး အမျိုးသားများသည် အဆင့်(၅)တွင်ရှိသည်။ထိုသို့ကွာဟချက်မှာ လူမှုအသိုင်းဝိုင်တွင် အိမ်မှုကိစ္စသည် အမျိုးသမီးများသာ လုပ်ဆောင်ရမည်ဟုသတ်မှတ်ထားကြပြီးအမျိုးသားများမှလည်းအိမ်မှုကိစ္စရပ်များသည်အမျိုးသမီးနှင့် သာသက်ဆိုင်သည်ဟု သတ်မှတ်ထားကြသည်။ထိုသို့ဖြစ်ရခြင်းမှာ မိရိုးဖလာ အမှုအကျင့်နှင့်ရှေးရိုးစွဲ အယူအဆများကြောင့် ဖြစ်သည်။

**၂။ ဦးဆောင်နိုင်မှု**

ဦးဆောင်နိုင်မှုကဏ္ဍတွင် အမျိုးသားများအဆင့် သတ်မှတ်ချက် (၁၀)ဖြစ်ပြီး အမျိုးသမီးများအဆင့်သတ်မှတ်ချက် (၇) ဖြစ်သည်။ အမျိုးသားများ ပိုမိုဦးဆောင်နေရသည့် အကြောင်းအရင်းမှာ အမျိုးသမီးများသည် အိမ်မှုကိစ္စကို အဓိကလုပ်နေရသောကြောင့်ဖြစ်သည်။

**၃။ ဝင်ငွေရှာဖွေခြင်း**

အမျိုးသားများသည် အမျိုးသမီးများထက် ဝင်ငွေပိုမိုရှာဖွေနိုင်ကြသည် ။ အမျိုးသားများသည် ဝင်ငွေရှာဖွေနိုင်မှုအဆင့် (၁၀)ဖြစ်ပြီး အမျိုးသမီးများသည် အဆင့် (၅) တွင်ရှိသည်။ ဤသို့ဖြစ်ရခြင်းမှာ အမျိုးသမီးများသည် အိမ်မှုကိစ္စကို တနေကုန်လုပ်ဆောင်နေကြရသည်။ ထို့အပြင် ရပ်ရွာအတွင်း၌ အမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်းကြောင့်ဖြစ်သည်။

**၄။ လုပ်အားခ**

တော်ပေါင်းကျေးရွာတွင် အမျိုးသမီးများသည် အမျိုးသားများ အောက် လုပ်အားခ နည်းနေသည်။လုပ်အားခတွင် အမျိုးသားများသည်အဆင့်(၁၀)၊ အမျိုးသမီးများသည် အဆင့်(၄) တွင်ရှိသည်။ အမျိုးသမီးများ လုပ်အားခနည်းရသည့် အကြောင်းအရင်းမှာ ကျားမ ခွဲခြားသတ်မှတ်ခြင်းများနှင့် ဓလေ့ထုံးစံများကြောင့်ဖြစ်သည်။

## ၅။ ဘဝလုံခြုံမှု

တော်ပေါင်း ကျေးရွာတွင် အမျိုးသမီးများ၏ ဘဝလုံခြုံမှု အားနည်းသည်ကို တွေ့ရှိရသည်။ အမျိုးသားများ၏ ဘဝလုံခြုံမှုသည် အဆင့် (၁၀)တွင်ရှိပြီး အမျိုးသမီးများသည် အဆင့်(၅)တွင်ရှိသည်။ အကြောင်းအရင်းမှာဓလေ့ထုံးစံသတ်မှတ်ချက်များ၊အမျိုးသမီးများမိမိကိုယ်ကိုကာကွယ်နိုင်စွမ်းအားနည်းခြင်း၊ရပ်ရွာလူထုများဗဟုသုတအားနည်းခြင်းတို့ကြောင့်ဖြစ်သည်။

## ၆။ ကျေးရွာ ကိစ္စရပ်များတွင်ပါဝင်မှု

တော်ပေါင်းကျေးရွာ၏ကျေးရွာကိစ္စရပ်များတွင်အမျိုးသမီးများပါဝင်မှုအားနည်းနေသည်ကိုတွေ့ရှိရသည်။ ကျေးရွာကိစ္စရပ်များတွင် အမျိုးသားများ၏ ပါဝင်မှုသည် အဆင့်(၁၀) တွင်ရှိပြီး အမျိုးသမီးများသည် အဆင့် (၅)တွင်ရှိသည် ။ အမျိုးသမီးများ ပါဝင်မှုနည်းရသည့်အကြောင်းအရင်းမှာ အမျိုးသမီးများသည် အိမ်မှုကိစ္စများကို တနေ့ကုန်လုပ်ဆောင်နေရခြင်းနှင့် ထုံးတမ်းအစဉ်အလာ သတ်မှတ်ချက်များကြောင့်ဖြစ်သည်။


## ၇။ ဆုံးဖြတ်ချက်ချမှု

ဤကဏ္ဍတွင်အမျိုးသားများသည်အဆင့်(၁၀)၊အမျိုးသမီးများသည်အဆင့်(၅)တွင်ရှိသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကိုဆုံးဖြတ်ချက်ချရာတွင် အမျိုးသားများမှ အမျိုးသမီးများထက်ဆုံးဖြတ်ချက်ပိုမိုချခြင်း၏ အကြောင်းအရင်းမှာ အမျိုးသမီးများသည် အိမ်မှုကိစ္စများကိုတနေကုန်လုပ်ဆောင်နေရခြင်း၊အမျိုးသားများသည်ဝင်ငွေရှာဖွေသောအိမ်ထောင်ဦးစီးများဖြစ်ခြင်း၊ဓလေ့ထုံးစံသတ်မှတ်ချက်များ၊ပတ်ဝန်းကျင်သတ်မှတ်ချက်များ၊အမျိုးသမီးများမှအမျိုးသားများကိုအားကိုးအားထားပြုခြင်း စသည်တို့ကြောင့်ဖြစ်သည်။

## ၈။ စီမံခန့်ခွဲမှု

တော်ပေါင်းကျေးရွာတွင် အမျိုးသားများသည် အမျိုးသမီးများထက် ပိုမိုစီမံခန့်ခွဲမှုရှိကြသည်။ စီမံခန့်ခွဲမှု ကဏ္ဍတွင် အမျိုးသားများသည် အဆင့် (၈)ရှိပြီး ၊ အမျိုးသမီးများသည် အဆင့်(၃) တွင်သာရှိသည်။ အမျိုးသားများ ပိုမိုစီမံခန့်ခွဲမှုရှိရသည့် အကြောင်းအရင်းမှာ အမျိုးသမီးများသည် အိမ်မှုကိစ္စများကို တနေကုန်လုပ်ဆောင်နေရခြင်း၊ အမျိုးသားများသည် အိမ်ထောင်ဦးစီးများဖြစ်ခြင်းနှင့် အမျိုးသမီးများသည် အမျိုးသားများကို အားကိုးအားထားပြုခြင်းကြောင့်ဖြစ်သည်

## ၆.၅ ရာသီခွင်ပြဇယား



**တော်ပေါင်း ကျေးရွာရာသီခွင်ပြဇယား သုံးသပ်ချက်**

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ တကူပတီကျေးရွာအုပ်စု၊ တော်ပေါင်းကျေးရွာ၏ ရာသီဥတုအခြေအနေမှာတပေါင်းလနှင့် တန်ခူးလတွင်အလွန်ပူပြင်းပြီး ကဆုန်၊ နယုန်၊ ဝါဆို၊ ဝါခေါင်များတွင် မိုးရွာသွန်းပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ပါသည်။ တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် မိုးနည်းပါးပါသည်။ နတ်တော်၊ ပြာသိုလများတွင် နှင်းများကျ၍ အအေးဆုံးကာလဖြစ်သည်။ တပို့တွဲလတွင် အအေးဓာတ်လျော့ကျ၍ ရာသီဥတုသင့်တင့် မျှတမှုရှိသည်။


ကဆုန်၊ နယုန်လများတွင် စပါးစိုက်ပျိုးရန် လယ်ထွန်ယက်ကြပြီး ဝါဆို၊ ဝါခေါင်လတွင် စိုက်ပျိုးကြသည်။ သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် စပါးရိတ်သိမ်းကြသည်။ နတ်တော်၊ ပြာသိုလ များတွင်စပါးပေါ်သည်။ ကျေးရွာအတွင်းရှိ လယ်၊ ခြံ မရှိသူများသည် (ကျဘမ်း) နေ့စားလုပ်ငန်းများကို လုပ်ကိုင်ကြသည်။

နွေရာသီဖြစ်သော တပေါင်း၊ တန်ခူး၊ ကဆုန်လများတွင် ရေအရင်းအမြစ် နည်းပါးသောကြောင့် သောက်သုံးရေရှားပါးခြင်း၊ မလုံလောက်ခြင်းများရှိပြီး ကျန်သောလများတွင် သောက်သုံးရေလုံလောက်မှုရှိသည်။ ကျန်းမာရေးတွင် ရာသီဥတု အကူးအပြောင်းကာလများဖြစ်သော ကဆုန်၊ နယုန်၊ သီတင်းကျွတ်၊ တန်ဆောင်းမုန်းလများတွင် အအေးမိ၊ တုတ်ကွေး ဖျားနာခြင်းများဖြစ်ပေါ်သည်။

လမ်းပန်းဆက်သွယ်ရေးတွင် မိုးရာသီဖြစ်သော နယုန်၊ ဝါဆို၊ ဝါခေါင် လများတွင် ရေကြီး၊ ရေလျှံခြင်းကြောင့် သွားလာရန်ခက်ခဲပြီး လှေငယ်များဖြင့် သွားလာကြရသည်။ ဝင်ငွေအခြေအနေတွင်

တန်ခူး၊ကဆုန်၊ တော်သလင်း၊ တပို့တွဲ၊တပေါင်းလတွင် အလုပ်အကိုင်ရှားပါးသောကြောင့် ဝင်ငွေလုံးဝမရှိသောလများဖြစ်သည်။ လယ်လုပ်ချိန် နယုန်၊ ဝါဆို၊ ဝါခေါင်၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း လများတွင်ဝင်ငွေ အသင့်အတင့်ရှိပြီး၊ စပါးပေါ်ချိန် နတ်တော်၊ပြာသိုလတွင် လယ်ရှင်များ ဝင်ငွေအများဆုံးဝင်သောကာလဖြစ်သည်။

## ၆.၆ ပြဿနာသစ်ပင်




## တော်ပေါင်း ကျေးရွာ၏ ပြဿနာသစ်ပင်သုံးသပ်ချက်

တကူပတီကျေးရွာအုပ်စု တော်ပေါင်းကျေးရွာသည် လယ်ကွင်းအတွင်းရှိကျေးရွာဖြစ်သည်။ ရွာရှိလမ်းများသည် စနစ်တကျဖောက်လုပ်ထားသော လမ်းများမရှိပေ။ လယ်ကန်သင်းရိုးများကိုသာ လူသွားလမ်းအဖြစ် အသုံးပြုကာ ဖြတ်သန်းသွားလာကြသည်။ ရွာတွင်းသတ်မှတ်လမ်းမရှိသဖြင့် တာရိုးလမ်းကို အသုံးပြု၍ ရွာတောင်ဘက် ထန်းပင်ကုန်းရွာရှိ မူလတန်းကျောင်းသို့ ကျောင်းသား ကျောင်းသူများ ခက်ခဲစွာသွားလာကြရသည်။

မိုးရာသီတွင် လမ်းများရေမြုပ်သဖြင့် လမ်းများမကောင်း၍ သွားလားရခက်ခဲသောကြောင့် ကလေးများ၏ ပညာရေး အနှောင့်အယှက်ဖြစ်လာပြီး ပညာရေးနှောင့်နှေးမှုများဖြစ်လာပါသည်။ အဖိုးအဖွားများ ဘုရာကျောင်းကန်သွားရောက်ရာတွင်လည်း အခက်အခဲများရှိပါသည်။ ကျန်းမာရေး တွင် လမ်းမကောင်း၍ သွားလားရခက်ခဲသောကြောင့် ဆေးကုသမှုတွင် အချိန်မှီ ကုသနိုင်မှု မရှိ သောကြောင့် အသက်အန္တရာယ်ထိခိုက်မှုများလည်း ရှိလာပါသည်။ ဒေသထွက်စပါးများကို ရောင်းဝယ်ရာတွင် သယ်ယူပို့ဆောင်ရေး ခက်ခဲသောကြောင့် ဈေးကောင်းချိန်တွင် အချိန်မှီ ရောင်းဝယ်မှု မပြုလုပ်နိုင်သောကြောင့် ဝင်ငွေနည်းပါးလာပြီး စီးပွားရေးထိခိုက်လာပါသည်။ အထက်ပါ အခက်အခဲများကြောင့် လမ်းပြဿနာပေါ်ပေါက်လာရခြင်းဖြစ်သည်။

ထို့ကြောင့်ကျေးရွာလူထုသည် ပညာရေး ကျန်းမာရေး ကူးသန်းရောင်းဝယ်ရေး သွားလာရေး ပိုမိုမြန်ဆန်ကောင်းမွန်စေလိုသော ရည်ရွယ်ချက်ဖြင့်ရွာတွင်းရှိ တာရိုးလမ်းများကို မြေသားလမ်းမှ ကွန်ကရစ်လမ်းခင်းရန် သဘောတူညီ ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

## ၆.၇ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှု



**တော်ပေါင်း ကျေးရွာ၏ ပိုင်ဆိုင်မှုနှင့် ထိန်းချုပ်မှု သုံးသပ်ချက်**

တော်ပေါင်းကျေးရွာအတွင်းရှိ အရင်းအမြစ်အများစုကို အမျိုးသားနှင့် အမျိုးသမီး နှစ်ဦး လုံးက သာတူညီမျှလုနီးပါး ပိုင်ဆိုင်ကြသော်လည်း ထိန်းချုပ်အပိုင်းတွင် အမျိုးသားများက ပို၍ထိန်းချုပ်ထားသည်ကိုတွေ့ရသည်။ အကြောင်းမှာ အမျိုးသမီးအများစုသည် အချိန်ပြည့်အိမ်မှုကိစ္စများနှင့် လုံးပန်းနေရပြီး အမျိုးသားများက စားဝတ်နေရေးအတွက် ဝင်ငွေရှာနေရသော အိမ်ထောင်ဦးစီးများ ဖြစ်ခြင်း၊ အမျိုးသမီးများမှအမျိုးသားများကို အားကိုးအားထားပြုခြင်း၊ ကျေးရွာဓလေ့အရ အမျိုးသားများကိုဦးစားပေးခြင်း စသည်တို့ကြောင့်ဖြစ်သည်။ ထို့ကြောင့် အိမ်ထောင်စုအများစုတွင် အမျိုးသားများ၏ ဆုံးဖြတ်ချက်ကို အဓိကထားသာကြောင့် ပိုင်ဆိုင်မှုတွင် တူညီလုနီးပါးဖြစ်နေသော်လည်း ထိန်းချုပ်မှု အပိုင်းတွင် အမျိုးသားများ က ဦးဆောင်နေရခြင်းဖြစ်သည်။

၇။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ










## ၈။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

**တကူပတီကျေးရွာအုပ်စု တော်ပေါင်းကျေးရွာ စီမံကိန်းအထောက်အကူပြုကော်မတီဝင်များ**

| စဉ် | ကော်မတီ | ရာထူး | အမည် | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်တီ | ဥက္ကဌ | ဦးမြင့်မောင် | |
| ၂။ | | ဥက္ကဌ | ဒေါ်မြင့်မြင့်အေး | |
| ၃။ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်စန်းတင့် | |
| ၄။ | | အဖွဲ့ဝင် | ဦးထွန်းနီ | |
| ၅။ | | အဖွဲ့ဝင် | ဒေါ်တင်တင်အေး | |
| ၆။ | လည်ပတ်ရေးနှင့်ပြုပြင် ထိန်းသိမ်းရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဦးခင်အောင် | |
| ၇။ | | အဖွဲ့ဝင် | ဒေါ်လှအုံးမယ် | |
| ၈။ | | အဖွဲ့ဝင် | ဒေါ်ထားထားနွယ် | |
| ၉။ | အကြံပြုတိုင်ကြားရေး ဆပ်ကော်မတီ | တာဝန်ခံ | ဦးကျော်ဦး | |
| ၁၀။ | | တာဝန်ခံ | ဒေါ်တိုးတိုးလင်း | |
| ၁၁။ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဦးသက်နိုင်(၁) | |
| ၁၂။ | | အဖွဲ့ဝင် | ဒေါ်အိအိထွေး | |
| ၁၃။ | | အဖွဲ့ဝင် | ဒေါ်မြကြည် | |
| ၁၄။ | ကျေးရွာငွေစာရင်းကိုင် | | ဒေါ်ခင်မာချို | |
| ၁၅။ | ကျေးရွာစေတနာ့ဝန်ထမ်း | စေတနာ့ဝန်ထမ်း | ဦးသက်နိုင်(၂) | |
| ၁၆။ | | စေတနာ့ဝန်ထမ်း | ဒေါ်နှင်းဝေလွင် | |

## ၄။ ကျေးရွာအချက်အလက် (ပုံစံ-၁)



ပုံစံ-၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | | |
|---|---|---|---|
| **လမ်းညွှန်ချက်**/ကျေးရွာတစ်ရွာသို့ ပထမဆုံး မိတ်ဆက်ခရီးသွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအားကျေးရွာအချက်အလက်များကိုမေဗ္ဗာရပ်ခံ၍တောင်းခံရသည်။၎င်းအချက်အလက်များကိုစီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ၎င်းအချက်အလက်များအားစစ်ဆေးပြီးမှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ | | | |
| ကျေးရွာအုပ်ချုပ်ရေးမှူးအမည်(ဆယ်အိမ်စုမှူး ) ဦး ခင်အောင် | | ကျေးရွာအုပ်ချုပ်ရေးမှူး၏ဖုန်းနံပါတ် 09255768869 | လူထုစည်းရုံးရေးမှူး၏အမည် အေးအေးနွယ် |
| ပြည်နယ်၊တိုင်းဒေသကြီး မွန် | မြို့နယ် ချောင်းဆုံ | ကျေးရွာအုပ်စု တကူပတီ | ကျေးရွာ တော်ပေါင်း |

က. လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁)-ကရင်- | ၂၄ | ဘာသာ(၁)-ဗုဒ္ဓ---- | ၃၆ |
| လူမျိုးစု (၂)-ဗမာ--- | ၁၂ | ဘာသာ(၂)-------- | |
| လူမျိုးစုရော--------- | - | ဘာသာရော----------- | |

| | အမျိုးသား(အရေအတွက်) | အမျိုးသမီးအရေအတွက် |
|---|---|---|
| လူဦးရေ | ၁၀၈ | ၉၅ |
| အိမ်ထောင်ဦးစီး | ၃၀ | ၆ |

(ခ)လက်လှမ်းမီအသုံးပြုနိုင်သည့်အဆောက်အဦးများ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေးအဆောက်အဦ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ)ကျွမ်းကျင်သူများမှတ်တမ်း ၊ ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သောကျွမ်းကျင်သူများ

| (၁)စာသင်ကျောင်း | | | (၂)ကျန်းမာရေး | | | (၃)လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ၊ဆရာမ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☐ | ☑ |
| အထက်တန်းပြဆရာဆရာမ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☑ |
| အလယ်တန်းပြဆရာ၊ဆရာမ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ဆိုင်ရာ | ☐ | ☑ |
| မူကြိုဆရာ၊ဆရာမ | ☐ | ☐ | အရံသားဖွား | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☑ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား (၁)/(၂) | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☑ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့်လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ(အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း မြေသားလမ်း (လူသွားလမ်း) အခြား ကန်သင်းရိုးလမ်း
မြေကျစီ လှည်းလမ်း

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ် 2014-15/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ


(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၃ /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိသွားလာရာတွင်ကြာမြင့်သည့်အချိန်

ခြောက်သွေ့ရာသီတွင်ကြာချိန် တစ်နာရီခွဲ
ထော်လာဂျီ/မော်တော်ဆိုင်ကယ်/(ခြေလျင်)/လား/မော်တော်ဘုတ်/
အခြား -----------------

မိုးရာသီတွင်ကြာချိန်--------------------------
ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/
အခြား -----------------



(ဆ) ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင်ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်မှုဖြစ်ရှိပါသလား

✓ မရှိပါ □ ရှိပါသည် ရှိလျှင်ဖော်ပြပါ

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ


(၁) –

(၂) –

ကျေးရွာခေါင်းဆောင် အမည် လက်မှတ် ရက်စွဲ 17.2.2016

လူထုစည်းရုံးရေးမှူး အမည် လက်မှတ် ရက်စွဲ 17.2.16

## ၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)



ပုံစံ စ-၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

လမ်းညွှန်ချက်-သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီ ပြီးစီးတိုင်းကျေးရွာနှင့် ကျေးရွာအုပ်စုအတွက်ဤပုံစံကိုဖြည့်သွင်းရမည်။

စည်းရုံးရေးမှူး/ဝန်ထမ်း အမည် အေးအေး မွန်


နေ့စွဲ

စက်ဝန်းအားအမှတ်ခြစ်ပါ ✓ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄)

ပြည်နယ်/တိုင်း မွန် | မြို့နယ် ချောင်းဆုံ | ကျေးရွာအုပ်စု တကူပတီ | ကျေးရွာ တော်ပေါင်း

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက်နှင့် လူမျိုးစုအမည် |
| ၁. ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 26.2.16 | 26.2.16 | 19 | 19 | 36 | 2 (မွန်) |
| ၂. ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်းအစည်းအဝေး | 27.2.16 | 27.2.16 | 14 | 16 | 36 | 3 (မွန်) |
| ၃. ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့်အစည်းအဝေး | – | – | – | – | – | – |
| ၄. မြို့နယ်အဆင့်စီမံကိန်းရေးဆွဲရေးနှင့်အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်းသုံးသပ်မှုအစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅. မြို့နယ် စီမံကိန်းရေးဆွဲရေးနှင့်အကောင်အထည်ဖော်ရေးကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့အသိပေးအကြောင်းကြားသည့်အစည်းအဝေး | | | | | | |
| ၆. စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | မလို | မလို | မလို | မလို | မလို | မလို |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |


## ၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)


လူထုဗဟိုပြုစီမံကိန်းလက်စွဲ

အပိုင်း-၃

ပုံစံ စ-၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

21.7.2016




လူထုဗဟိုပြုစီမံကိန်းစီမံကိန်းလက်စွဲ
အပိုင်း-၃ ...

[illegible]

... 21.2.16

## ၁၂။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)



လူထုဗဟိုပြုစီမံကိန်းစီမံကိန်းလက်စွဲ
အပိုင်း-၃ ၉.၉.၂၀၁၅
ပုံစံ စ-၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ

ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲ ... CF မှ အချက်အလက်များကို MIS သို့ ထည့်သွင်းမည်။

ကျေးရွာ ... / ... ဒေါ်ခင်ကြည်လှိုင်


စက်ဝန်း ... (√) စက်ဝန်း(၁) စက်ဝန်း(၂) စက်ဝန်း(၃) စက်ဝန်း(၄)

ပြည်နယ်/တိုင်း မွန် | မြို့နယ် ချောင်းဆုံ | ကျေးရွာအုပ်စု တကူပတီ


| ကျေးရွာအမည် | ရွေးကောက်သည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | |
| တကူပတီ | မြေနီလမ်းမှ ကွန်ကရစ်လမ်း ခင်းခြင်း | 1320'×9'×6" | 3000 | ကျား / မ / ကျား+မ | 19,200,000 | | | | 19,200,000 |
| | | | | ကျား / မ / ကျား+မ | | | | | |
| | | | | ကျား / မ / ကျား+မ | | | | | |
| | | | | ကျား / မ / ကျား+မ | | | | | |
| | | | | ကျား / မ / ကျား+မ | | | | | |

ရာထူး ကျေးရွာအုပ်စု ... အမည် ... လက်မှတ် ... ရက်စွဲ


## ၁၃။ အစည်းအဝေးတက်ရောက်သူများစာရင်း (ပုံစံ-၁၂)



(FORM PC 12)




(FORM PC 12)




လူထုပဟိုပြုစီမံကိန်းစီမံကိန်းလက်စွဲ
အပိုင်း-၃ ၉.၉.၂၀၁၅


ပုံစံ - စီ-၁၂ - အစည်းအဝေးတက်ရောက်သူများ (FORM PC 12)




လူထုပဟိုပြုစီမံကိန်းစီမံကိန်းလက်စွဲ
အပိုင်း-၃ ၉.၉.၂၀၁၅

ပုံစံ - စီ-၁၂ - အစည်းအဝေးတက်ရောက်သူများ (FORM PC 12)


လူထုပေါ်ပြူစီမံကိန်း၊စီမံကိန်းလက်စွဲ
အပိုင်း-၃ ၉.၉.၂၀၁၅
ပုံစံ - စ-၀၂ - အစည်းအဝေးတက်ရောက်သူများ (FORM PC 12)
စဉ်
အမည်
ကျား (√)
မ (√)
အိမ်ထောင်စုကိုယ်စားလှယ်(√)(၁)
လက်မှတ်
စုစုပေါင်း


လူထုပေါ်ပြူစီမံကိန်း၊စီမံကိန်းလက်စွဲ
အပိုင်း-၃ ၉.၉.၂၀၁၅
ပုံစံ - စ-၀၂ - အစည်းအဝေးတက်ရောက်သူများ (FORM PC 12)
စဉ်
အမည်
ကျား (√)
မ (√)
အိမ်ထောင်စုကိုယ်စားလှယ်(√)(၁)
လက်မှတ်
စုစုပေါင်း

## ၁၄။ အစည်းအဝေးမှတ်တမ်းများ



၁၅။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| စဉ် | ကျေးရွာအမည် | ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ |
|---|---|---|
| 1 | တကူပတီကျေးရွာ | ရွာအတွင်း မြေသားလမ်းမှကွန်ကရစ်လမ်းခင်းခြင်း |
| 2 | တော်ပေါင်း | စာသင်ကျောင်းသွားလမ်းပြုပြင်ရန် |
| 3 | တော်ပေါင်း | ရွာတောင်ဖက်တံတားပြုပြင်ရန် |
| 4 | တော်ပေါင်း | ရေလှောင်ကန်ပြုပြင်ခြင်း |

## ၁၆။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

### VDP အရည်အသွေးထိန်းချုပ်မှု

**(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)**

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလာဒ်)
- အမျိုးသား/ အမျိုးသမီးအဖွဲ့များ သဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊ အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု)

**နောက်ဆက်တွဲများ -**

- လူမှုရေးအကဲဖြတ်မှု၊ စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်) မြေပုံများပါရမည်။ စည်းစိမ်ပိုင်ဆိုင်မှုအဆင့် Venn ပုံပါရမည် ....
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက်များ (ပုံစံ-၁)
- ကျေးရွာမျှော်မှန်းချက်

**(၂) လူမှုရေးအကဲဖြတ်မှုနှင့် VDP စစ်ဆေးပါ**

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/ အမျိုးသမီး)
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက်ရက်ပေါင်း
- PRA ပစ္စည်းများ အသုံးပြုသည့်အရေအတွက်
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများမှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သောအဖွဲ့များ)
    - အလွန်ကောင်း
    - ကောင်း
    - ညံ့

- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလာဒ်အား ခွဲခြားပေးထားသလား။
    - ရှိ
    - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/ အမျိုးသမီးရွေးချယ်မှုအရေအတွက်)
- PRA နှင့်သက်ဆိုင်သော အခြားစီမံကိန်းအရေအတွက် (အမျိုးသား/ အမျိုးသမီး ရွေးချယ်မှုအရေအတွက်)